
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန
ဗဟိုစာရင်းအင်းအဖွဲ့

MYANMAR CSO
CENTRAL STATISTICAL ORGANIZATION




# ၂၀၁၈ ခုနှစ် ဇွန်လအတွင်း
# မြန်မာနိုင်ငံ၏ စားသုံးသူဈေးဆနှုန်းနှင့် ငွေကြေးဖောင်းပွမှုနှုန်း
# အခြေအနေ

၂၀၁၈ ခုနှစ် ဇူလိုင်လ

အကြောင်းအရာ။ **၂၀၁၈ ခုနှစ် ဇွန်လအတွက် တစ်နိုင်ငံလုံး၏ ငွေကြေးဖောင်းပွမှုနှုန်း အခြေအနေတင်ပြခြင်း**

၁။ **စားသုံးသူဈေးဆန္နန်း၏ လအလိုက်ပြောင်းလဲမှုအခြေအနေမှာ** ၂၀၁၂ ခုနှစ် အခြေခံနှစ်ဖြင့် တွက်ချက်ထားသော **၂၀၁၈ ခုနှစ် ဇွန်လ**အတွက် တစ်နိုင်ငံလုံး၏ စားသုံးသူဈေးဆနှုန်းမှာ အစားအစာအုပ်စုအတွက် ၁၅၂.၉၅ အစားအစာမဟုတ်သောအုပ်စုအတွက် ၁၂၄.၅၀ နှင့် **အုပ်စုအားလုံးအတွက် ၁၄၁.၁၃** ရှိပါသည်။ **၂၀၁၈ ခုနှစ် မေလ၏** အခြေအနေမှာ ၁၄၀.၂၄ ရှိခဲ့ပြီး၊ **၂၀၁၈ ခုနှစ် မေလ**နှင့် နှိုင်းယှဉ်ပါက ၀.၆၄ % မြင့်တက်လာပါသည်။ Core Inflation တွက်ချက်ရန်လိုအပ်သည့် အစားအစာအုပ်စုနှင့် လောင်စာဆီ ဈေးနှုန်းများ မပါဝင်ဘဲ တွက်ချက်ထားသော **စားသုံးသူဈေးဆနှုန်း(Core CPI) မှာ ၁၂၀.၁၈** ဖြစ်ရာ **၂၀၁၈ ခုနှစ် မေလ၏** Core CPI ဖြစ်သည့် **၁၁၉.၄၅** နှင့် နှိုင်းယှဉ်ပါက **၀.၆၁%** မြင့်တက်လာပါသည်။

၂။ **စားသုံးသူဈေးဆနှုန်း၏ နှစ်အလိုက်ပြောင်းလဲမှုအခြေအနေကိုလေ့လာပါ က ၂၀၁၈ ခုနှစ် ဇွန်လ** ၏ စားသုံးသူဈေးဆနှုန်းမှာ **၁၄၁.၁၃** ဖြစ်သဖြင့် **၂၀၁၇ ခုနှစ် မေလ၏** အခြေအနေ **၁၃၂.၅၈** နှင့် နှိုင်းယှဉ်ပါက **၆.၄၅ %** မြင့်တက်လာပါသည်။ အလားတူ **၂၀၁၈ ခုနှစ် ဇွန်လ ၏ Core CPI မှာ ၁၂၀.၁၈ ဖြစ်ရာ ၂၀၁၇ ခုနှစ် ဇွန်လ ၏** Core CPI အခြေအနေ **၁၁၃.၇၇** နှင့် နှိုင်းယှဉ်ပါက **၅.၆၄ %** မြင့်တက်ခဲ့ပါသည်။

၃။ **၂၀၁၈ ခုနှစ် ဇွန်လတွင် အစားအစာအုပ်စု**(Food) ၏ ဈေးဆနှုန်းမှာ **၁၅၂.၉၅** ဖြစ်သဖြင့် ယခင်လကထက် **၀.၇၅%** မြင့်တက်လာပါသည်။ အခြေခံစားသောက်ကုန်များ ဖြစ်သည့် ဆန်(ဧည့်မထ)၊ ဆန်(ငစိန်)နှင့် ဆန်(ငကြွဲ) ဈေးနှုန်းများမှာ အနည်းငယ် ပြန်လည်မြင့်တက်လာပါသည်။ အလားတူ မြေပဲဆီ၊ အသား၊ငါးအုပ်စုရှိကုန်ပစ္စည်းဈေးနှုန်းများ၊ ငရုတ်သီးအခြောက်(အပု)၊ အသီးအနှံနှင့် ခရမ်းချဉ်သီး အပါအဝင် ဟင်းသီးဟင်းရွက်ဈေးနှုန်းများလည်း မြင့်တက်လာကြောင်း တွေ့ရှိရ ပါသည်။

၄။ **၂၀၁၈ ခုနှစ် ဇွန်လတွင် အစားအစာမဟုတ်သောအုပ်စု** (Non Food) ၏ ဈေးဆနှုန်းမှာ **၁၂၄.၅၀** ဖြစ်သဖြင့် ယခင်လနှင့် နှိုင်းယှဉ်ပါက ၀.၄၅% မြင့်တက်နေသည်ကိုတွေ့ရှိရပါသည်။ ယင်းအုပ်စုအတွင်းရှိ ပြည်တွင်းအရက်၊ ကွမ်းသီးနှင့် ကွမ်းရွက်ဈေးနှုန်းများ သိသိသာသာ ကျဆင်းလာပါသည်။ သို့သော် သယ်ယူပို့ဆောင်ရေးအုပ်စုတွင် ပါဝင်သော ဓာတ်ဆီ၊ ဒီဇယ်ဆီ၊ ဘတ်စ်ကားခ(မြို့တွင်း)၊ မော်တော်ကားဈေးနှုန်းများ၊ မော်တော်ဆိုင်ကယ်ဈေးနှုန်းများနှင့်


မော်တော်ယာဉ်ပြုပြင်ထိန်းသိမ်းစရိတ်များ မြင့်တက်လျက်ရှိပါသည်။ ထို့အပြင် ရွှေထည်ပစ္စည်းများ၊ အမျိုးသမီး/ အမျိုးသားဝတ် လုံချည်များ၊ ရှပ်အင်္ကျီ၊ တီရှပ်၊ စပို့ရှပ်၊ မိုးကာအင်္ကျီ၊ စက်ချုပ်ခ(အမျိုးသမီး)၊ ဖိနပ်(သားရေ)၊ ရာဘာဖိနပ်၊ အိမ်ဆောက်ပစ္စည်းနှင့် အိမ်အသုံးအဆောင်စသည့် ကုန်ပစ္စည်း ဈေးနှုန်းများမှာ ယခင်လကထက် မြင့်တက်လာကြောင်း တွေ့ရှိရပါသည်။ ယခုလအတွင်း မြန်မာကျပ်ငွေနှင့် အမေရိကန်ဒေါ်လာလဲလှယ်နှုန်းများ သိသာစွာ မြင့်တက်လာခြင်းကြောင့် သွင်းကုန်ပစ္စည်းဈေးနှုန်းများ မြင့်တက်လာပြီး ဆက်စပ်ကုန်ပစ္စည်းဈေးနှုန်းများ မြင့်တက်လာကြောင်း တွေ့ရှိရပါသည်။


၅။ **၂၀၁၈ ခုနှစ် ဇွန်လအထိ ပျမ်းမျှငွေကြေးဖောင်းပွမှုနှုန်း(Annual Rate of Inflation) မှာ ၄.၅၈%** ဖြစ်ပြီး၊ အစားအစာအုပ်စုနှင့် လောင်စာဆီဈေးနှုန်းများ မပါဝင်ဘဲ တွက်ချက်ထားသော **ပျမ်းမျှငွေကြေးဖောင်းပွမှုနှုန်း (Core Inflation) မှာ ၄.၃၇%** ရှိပါကြောင်း အစီရင်ခံ တင်ပြအပ်ပါသည်။


(ဒေါက်တာဝါဝါမောင်)


ညွှန်ကြားရေးမှူးချုပ်

# တစ်နိုင်ငံလုံး၏ စားသုံးသူဈေးဆနှုန်းနှင့် ငွေကြေးဖောင်းပွမှုနှုန်း ပုံပြကားချပ်



# တစ်နိုင်ငံလုံး၏စားသုံးသူဈေးဆန်းနှုန်းနှင့်ငွေကြေးဖောင်းပွမှုနှုန်းအခြေအနေတင်ပြချက်

## (၂၀၁၈ ခုနှစ် ဇွန်လ)

## မာတိကာ


| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| | **အပိုင်း(က)** | |
| | **၂၀၁၈ ခုနှစ် မေလ နှင့် ၂၀၁၈ ခုနှစ် ဇွန်လ** | |
| | **စားသုံးသူဈေးဆန်းနှုန်းနှိုင်းယှဉ်ချက်** | |
| ၁ | စုစုပေါင်းစားသုံးသူဈေးဆန်းနှုန်း (အခြေခံနှစ် ၊ ၂၀၁၂ ခုနှစ် = ၁၀၀) | ၁ |
| ၂ | အုပ်စုအလိုက်အသေးစိတ်စိစစ်ခြင်း | ၁ |
| | **အပိုင်း(ခ)** | |
| | **၂၀၁၇ ခုနှစ် ဇွန်လ နှင့် ၂၀၁၈ ခုနှစ် ဇွန်လ** | |
| | **စားသုံးသူဈေးဆန်းနှုန်းနှိုင်းယှဉ်ချက်** | |
| ၁ | စုစုပေါင်းစားသုံးသူဈေးဆန်းနှုန်း (အခြေခံနှစ် ၊ ၂၀၁၂ ခုနှစ် = ၁၀၀) | ၆ |
| ၂ | အုပ်စုအလိုက်အသေးစိတ်စိစစ်ခြင်း | ၆ |
| ၃ | ဈေးနှုန်းပြောင်းလဲမှုများကိုခြုံငုံသုံးသပ်တင်ပြခြင်း | ၁၀ |
| | **အပိုင်း(ဂ)** | |
| | **စားသုံးသူဈေးဆန်းနှုန်းနှင့်ငွေကြေးဖောင်းပွမှုအခြေအနေတင်ပြခြင်း** | |
| ၁ | ၂၀၁၂ ခုနှစ် အခြေခံနှစ်ဖြင့် စားသုံးသူဈေးဆန်းနှုန်းအခြေအနေတင်ပြခြင်း | ၁၃ |
| ၂ | ၂၀၁၂ ခုနှစ် အခြေခံနှစ်ဖြင့် ငွေကြေးဖောင်းပွမှုအခြေအနေတင်ပြခြင်း | ၁၃ |
| ဇယား ၁ | တစ်နိုင်ငံလုံး၏အုပ်စုအလိုက်စားသုံးသူဈေးဆန်းနှုန်းနှင့်ငွေကြေးဖောင်းပွမှုနှုန်း (အခြေခံနှစ် ၊ ၂၀၁၂ ခုနှစ် = ၁၀၀) | ၁၆ |
| ဇယား ၂ | တိုင်းဒေသကြီး၊ ပြည်နယ်များနှင့် မြို့ကြီး(၃)မြို့၏ စားသုံးသူဈေးဆန်းနှုန်းနှင့် ငွေကြေးဖောင်းပွမှုနှုန်း (အခြေခံနှစ် ၊ ၂၀၁၂ ခုနှစ် = ၁၀၀) | ၁၇ |
| ဇယား ၃ | အဓိကကျသောကုန်ပစ္စည်းများ၏လက်လီဈေးနှုန်းပြောင်းလဲမှုများ (အခြေခံနှစ် ၊ ၂၀၁၂ ခုနှစ် = ၁၀၀) | ၁၈ |
| ဇယား ၄ | တစ်နိုင်ငံလုံး၏စားသုံးသူဈေးဆန်းနှုန်းပုံပြကားချပ် (အခြေခံနှစ် ၊ ၂၀၁၂ ခုနှစ် = ၁၀၀) | ၁၉ |
| ဇယား ၅ | တစ်နိုင်ငံလုံး၏ငွေကြေးဖောင်းပွမှုနှုန်းပုံပြကားချပ် (အခြေခံနှစ် ၊ ၂၀၁၂ ခုနှစ် = ၁၀၀) | ၂၀ |

# တစ်နိုင်ငံလုံး၏စားသုံးသူဈေးဆနှုန်းနှင့်ငွေကြေးဖောင်းပွမှုနှုန်းစိစစ်ချက်

## အပိုင်း(က)

**၂၀၁၈ ခုနှစ် မေလ နှင့် ၂၀၁၈ ခုနှစ် ဇွန်လ စားသုံးသူဈေးဆနှုန်း နှိုင်းယှဉ်ချက်**

**၁။ စုစုပေါင်းစားသုံးသူဈေးဆနှုန်း (အခြေခံနှစ် ၊ ၂၀၁၂ ခုနှစ် = ၁၀၀)**

၂၀၁၈ ခုနှစ် ဇွန်လအတွက် စားသုံးသူဈေးဆနှုန်းမှာ ၁၄၁.၁၃ ဖြစ်ရာ လွန်ခဲ့သော မေလ အခြေအနေ ၁၄၀.၂၄ နှင့် နှိုင်းယှဉ်ပါက ၀.၆၄% မြင့်တက်လာပါသည်။ အစားအစာအုပ်စု၊ အဝတ်အထည်အုပ်စု၊ အိမ်လခနှင့် အိမ်ပြင်ခအုပ်စု၊ အိမ်အသုံးအဆောင်ပစ္စည်းနှင့် ပြုပြင်ထိန်းသိမ်းစရိတ်အုပ်စု၊ ကျန်းမာရေးအုပ်စု၊ အပန်းဖြေခြင်းနှင့် ယဉ်ကျေးမှုအုပ်စု၊ အထွေထွေအုပ်စုတို့မှာ အနည်းငယ်သာ မြင့်တက်ခဲ့သော်လည်း၊ သယ်ယူပို့ဆောင်ရေးအုပ်စုနှင့် ပညာရေးအုပ်စုတို့မှာ သိသိသာသာ မြင့်တက်လာပါသည်။ သို့ရာ၌ ဆေးလိပ်နှင့် အဖျော်ယမကာအုပ်စုနှင့် ဆက်သွယ်ရေးအုပ်စုတို့မှာမူ ကျဆင်းလျက်ရှိကြောင်း တွေ့ရှိရပါသည်။

ငွေကြေးဖောင်းပွမှုနှုန်းမှာ ၂၀၁၈ ခုနှစ် ဇွန်လအထိ တစ်နှစ်အတွင်း ပျမ်းမျှ ၄.၅၈% ဖြစ်ပေါ်ခဲ့ရာ လွန်ခဲ့သော ၂၀၁၈ ခုနှစ် မေလ အခြေအနေ ၄.၂၉% နှင့် နှိုင်းယှဉ်ပါက ၀.၂၉% ဆက်လက်မြင့်တက်လာသည်ကို တွေ့ရှိရပါသည်။

**၂။ အုပ်စုအလိုက်အသေးစိတ်စိစစ်ခြင်း**

၂၀၁၈ ခုနှစ် ဇွန်လအတွင်း ဖြစ်ပေါ်ခဲ့သော တစ်နိုင်ငံလုံးအတွက် စားသုံးသူ ဈေးဆနှုန်းများကို ဇယား(၁)ဖြင့် အုပ်စုအလိုက်ဖော်ပြထားပြီး အောက်ပါအတိုင်း သုံးသပ်တင်ပြအပ်ပါသည်။

**(က) အစားအစာအုပ်စု**

ဤအုပ်စုဈေးဆနှုန်းသည် လွန်ခဲ့သောလကထက် ၀.၇၅% မြင့်တက်လာပါသည်။ ယခုလတွင် နှမ်းဆီ ၀.၄၀% နှင့် စားအုန်းဆီ ၁.၁၅% ကျဆင်းလာသော်လည်း၊ မြေပဲဆီ ၁.၅၅%၊ ဝက်သား ၀.၆၆%၊ အမဲသား ၀.၉၂%၊ ငါးခူ ၃.၈၇%၊ ငါးရံ့ ၃.၈၅%၊ ငါးရံ့ခြောက် ၁.၂၂%၊ ပုစွန်ခြောက် ၁.၆၄% နှင့် ခရမ်းချဉ်သီး ၃၃.၀၂% ဖြင့် ဈေးနှုန်းများအသီးသီးမြင့်တက်လာကြောင်း တွေ့ရှိရပါသည်။

မီးဖိုချောင်သုံးပစ္စည်းများတွင် ကြက်သွန်ဖြူ၊ ကြက်သွန်နီ၊ ကုလားပဲခြမ်း၊ ပဲနီလေးနှင့် စားတော်ပဲဈေးနှုန်းများ သိသိသာသာ ကျဆင်းလာပါသည်။ ထို့အပြင် သစ်သီးများဖြစ်သော ငှက်ပျောသီး၊ သရက်သီး၊ သံပုရာသီးနှင့် နာနတ်သီး ဈေးနှုန်းများလည်း သိသိသာသာကျဆင်းလာကြောင်း တွေ့ရှိရပါသည်။

သို့သော် ဟင်းသီးဟင်းရွက်များဖြစ်သော အာလူး၊ ဘူးသီး၊ ခရမ်းသီး၊ ခရမ်းချဉ်သီး၊ ဂေါ်ဖီထုပ် သခွားသီး၊ ပဲတောင့်ရှည်သီးစသည့်ဈေးနှုန်းများ မြင့်တက်လာရာ၌ ခရမ်းချဉ်သီးဈေးနှုန်းမှာ ထူးထူးခြားခြားမြင့်တက်လာပါသည်။ အလားတူ ကုန်ခြောက်ဖြစ်သော ငရုတ်သီးခြောက်(အပု)နှင့် ငရုတ်သီးခြောက်(အရှည်)စသည့် ကုန်ပစ္စည်းဈေးနှုန်းများလည်း မြင့်တက်နေကြောင်း တွေ့ရှိရပါသည်။

**(ခ) ဆေးလိပ်နှင့်အဖျော်ယမကာအုပ်စု**

**ယင်းအုပ်စုဈေးဆနှုန်း**မှာ ၂၀၁၈ ခုနှစ် ဇွန်လ၌ ၁၃၈.၆၆ ရှိ၍၊ ယခင်လ၏ ဈေးဆနှုန်းမှာ ၁၄၂.၈၀ ဖြစ်သောကြောင့် ၂.၈၉ % ကျဆင်းလာပါသည်။ ဤအုပ်စု အတွင်း၌ ပါဝင်သော ကုန်ပစ္စည်းများအနက် ပြည်တွင်းအရက်၊ ကွမ်းရွက်၊ ကွမ်းယာ နှင့် ကွမ်းသီး(အခြမ်း/ အလုံး) ဈေးနှုန်းများ သိသိသာသာ ကျဆင်းလာခဲ့၍ ဖြစ်ပါသည်။

**(ဂ) အဝတ်အထည်အုပ်စု**

**ယင်းအုပ်စုဈေးဆနှုန်း**မှာ ၂၀၁၈ ခုနှစ် ဇွန်လ၌ ၁၂၀.၁၄ ရှိ၍၊ ယခင်လ၏ ဈေးဆနှုန်းမှာ ၁၁၉.၄၇ ဖြစ်သောကြောင့် ၀.၅၆% မြင့်တက်လာကြောင်း တွေ့ရှိရပါသည်။ ဤအုပ်စုတွင်ပါဝင်သော စက်ချုပ်ခများ(အမျိုးသမီးဝတ်)၊ အမျိုးသမီး/ အမျိုးသားဝတ် လုံချည်၊ ရှပ်အင်္ကျီ၊ တီရှပ်၊ မိုးကာအင်္ကျီ နှင့် ဖိနပ်ဈေးနှုန်းများ ဆက်လက်မြင့်တက်လာကြောင်းတွေ့ရပါသည်။

**(ဃ) အိမ်လခနှင့်အိမ်ပြင်ခအုပ်စု**

**ယင်းအုပ်စုဈေးဆနှုန်း**မှာ ၂၀၁၈ ခုနှစ် ဇွန်လ၌ ၁၄၆.၉၆ ရှိ၍၊ ယခင်လ၏ ဈေးဆနှုန်းမှာ ၁၄၆.၆၅ ဖြစ်သောကြောင့် ၀.၂၁% မြင့်တက်လာပါသည်။ ဤအုပ်စုတွင်ပါဝင်သော အိမ်လခများ၊ ဓနိ၊သက်ကယ်၊ သစ်မာ၊ သွပ်၊ အုတ်၊ အလုပ်သမားခများ၊ ထင်းနှင့် မီးသွေးဈေးနှုန်းများမှာ ယခင်လကထက် အနည်းငယ်မြင့်တက်လာသည်ကိုတွေ့ရှိရပါသည်။ မိုးတွင်းကာလဖြစ်၍ အိမ်ပြုပြင်မှုများ ပြုလုပ်လာကြသဖြင့် အိမ်ဆောက်ပစ္စည်း ဝယ်လိုအားများလာသောကြောင့် ဈေးနှုန်းများ မြင့် တက်လာရခြင်းဖြစ်ပါသည်။

**(င) အိမ်အသုံးအဆောင်ပစ္စည်းနှင့်ပြုပြင်ထိန်းသိမ်းစရိတ်အုပ်စု**

**ယင်းအုပ်စုဈေးဆနှုန်းမှာ** ၂၀၁၈ ခုနှစ် ဇွန်လ၌ ၁၁၈.၀၈ ရှိ၍၊ ယခင်လ၏ ဈေးဆနှုန်းမှာ ၁၁၇.၈၁ ဖြစ်သောကြောင့် ၀.၂၂% မြင့်တက်ခဲ့ပါသည်။ ဤအုပ်စုတွင်ပါဝင်သော သင်ဖြူးဖျာ၊ ခြင်ထောင်နှင့် အိမ်အသုံးအဆောင်ပစ္စည်းများ ဖြစ်သော မီးချောင်းများ၊  အဝတ်လျှော်ဆပ်ပြာ နှင့် ဖယောင်းတိုင် ဈေးနှုန်းများ မြင့်တက်လာခဲ့၍ ဖြစ်ပါသည်။

**(စ) ကျန်းမာရေးအုပ်စု**

**ယင်းအုပ်စုဈေးဆနှုန်း**မှာ ၂၀၁၈ ခုနှစ် ဇွန်လ၌ ၁၃၉.၈၀ ရှိ၍၊ ယခင်လ၏ ဈေးဆနှုန်းမှာ ၁၃၉.၂၅ ဖြစ်သောကြောင့် ၀.၃၉% မြင့်တက်လာသည်ကို တွေ့ရှိရပါသည်။ မိုးရာသီဖြစ်၍ ဖျားနာသူများသောကြောင့် ဆေးဈေးနှုန်းများမြင့်တက်ခဲ့သောကြောင့်ဖြစ်ပါသည်။

**(ဆ) သယ်ယူပို့ဆောင်ရေးအုပ်စု**

**ယင်းအုပ်စုဈေးဆနှုန်းမှာ** ၂၀၁၈ ခုနှစ် ဇွန်လ၌ ၁၀၈.၆၃ ရှိ၍၊ ယခင်လ၏ ဈေးဆနှုန်းမှာ ၁၀၇.၁၄ ဖြစ်သောကြောင့် ၁.၄၈% ဖြင့် သိသိသာသာ မြင့်တက်လျက်ရှိပါသည်။ ယင်းအုပ်စုဈေးဆနှုန်းတွင်ပါဝင်သော ဓာတ်ဆီ တစ်ဂါလံလျှင် ၄၁၃၈.၉၂ ကျပ်မှ ၄၁၉၆.၆၁ ကျပ်သို့လည်းကောင်း၊ ဒီဇယ်ဆီ တစ်ဂါလံလျှင်

၄၁၈၅.၉၆ ကျပ်မှ ၄၂၄၄.၀၅ ကျပ်သို့လည်းကောင်း ဈေးနှုန်းများ အသီးသီးမြင့်တက်လာပါသည်။ အလားတူ မော်တော်ကား၊ မော်တော်ဆိုင်ကယ်၊ ကားခ (မြို့တွင်း) ဈေးနှုန်းများလည်း မြင့်တက်လာခဲ့ပါသည်။

**(ဈ) ဆက်သွယ်ရေးအုပ်စု**

**ယင်းအုပ်စုဈေးဆနှုန်းမှာ** ၂၀၁၈ ခုနှစ် ဇွန်လ၌ ၁၀၂.၄၃ ရှိ၍၊ ယခင်လ၏ ဈေးဆနှုန်းမှာ ၁၀၂.၅၄ ဖြစ်သောကြောင့် ၀.၁၁% ကျဆင်းလာပါသည်။ ဤအုပ်စုတွင်ပါဝင်သော တယ်လီဖုန်းနှင့် မိုဘိုင်းဖုန်းများမှာ ဈေးကွက်အတွင်း ဝင်ရောက်မှုများလာသောကြောင့် ဈေးနှုန်းများ ကျဆင်းလာသည်ကို တွေ့ရှိရပါသည်။

**(ည) အပန်းဖြေခြင်းနှင့်ယဉ်ကျေးမှုအုပ်စု**

**ယင်းအုပ်စုဈေးဆနှုန်းမှာ** ၂၀၁၈ ခုနှစ် ဇွန်လ၌ ၁၀၇.၄၇ ရှိ၍၊ ယခင်လ၏ ဈေးဆနှုန်းမှာ ၁၀၆.၇၄ ဖြစ်သောကြောင့် ၀.၆၈ ရာခိုင်နှုန်းသာ မြင့်တက်လာခဲ့ပါသည်။ ကျောင်းဖွင့်ရာသီဖြစ်သောကြောင့် ဤအုပ်စုတွင်ပါဝင်သော ကွန်ပျူတာ၊ ဗလာစာအုပ် နှင့် ကွန်ပါဘူးဈေးနှုန်းများမှာ ယခင်လကထက် မြင့်တက်ခဲ့ကြောင်း တွေ့ရှိရပါသည်။

**(ဋ) ပညာရေးအုပ်စု**

**ယင်းအုပ်စုဈေးဆနှုန်းမှာ** ၂၀၁၈ ခုနှစ် ဇွန်လ၌ ၁၃၀.၆၈ ရှိ၍၊ ယခင်လ၏ ဈေးဆနှုန်းမှာ ၁၂၇.၁၃ ဖြစ်သောကြောင့် ၂.၇၉% မြင့်တက်လျက်ရှိပါသည်။ ကျောင်းဖွင့်ချိန်ဖြစ်သောကြောင့် ကျူရှင်လခနှင့် သင်တန်းကြေးဈေးနှုန်းများ မြင့်တက်လာခဲ့၍ဖြစ်ပါသည်။

**(ဌ) ပြင်ပအစားအသောက်အုပ်စု**

**ယင်းအုပ်စုဈေးဆနှုန်းမှာ** ၂၀၁၈ ခုနှစ် ဇွန်လ၌ ၁၂၁.၉၄ ရှိ၍၊ ယခင်လ၏ ဈေးဆနှုန်းမှာ ၁၂၂.၈၁ ဖြစ်သောကြောင့် ၀.၇၀%ကျဆင်းလာခဲ့ပါသည်။ ဤအုပ်စုအတွင်းပါဝင်သော ကွမ်းယာမှာ ဆက်စပ်ပစ္စည်းများဖြစ်သော ကွမ်းရွက်နှင့်

ကွမ်းသီး(ခြမ်း/ လုံး) စျေးနှုန်းများ သိသိသာသာ ကျဆင်းခဲ့သောကြောင့် စျေးနှုန်းများကျဆင်းလာခဲ့၍ဖြစ်ပါသည်။

(၄) **အထွေထွေကုန်ပစ္စည်းအုပ်စု**

**ယင်းအုပ်စုစျေးဆနှုန်းမှာ** ၂၀၁၈ ခုနှစ် ဇွန်လ၌ ၁၂၆.၉၂ ရှိ၍၊ ယခင်လ၏ စျေးဆနှုန်းမှာ ၁၂၅.၅၇ ဖြစ်သဖြင့် ၁.၀၇% မြင့်တက်လာခဲ့ပါသည်။ ဤအုပ်စုတွင် ပါဝင်သော ဆံပင်ညှပ်ခ(မ)၊ ကိုယ်တိုက်ဆပ်ပြာ၊ သနပ်ခါး၊ သွားတိုက်ဆေး၊ သွားတိုက်တံ၊ မိတ်ကပ်၊ ထီးနှင့် ကျောပိုးအိတ်စျေးနှုန်းများ မြင့်တက်လာသောကြောင့် ဖြစ်ပါသည်။

(၃) **အစားအစာမဟုတ်သောအုပ်စု**

**ယင်းအုပ်စုစျေးဆနှုန်းမှာ** ၂၀၁၈ ခုနှစ် ဇွန်လ၌ ၁၂၄.၅၀ ရှိ၍၊ ယခင်လ၏ စျေးဆနှုန်းမှာ ၁၂၃.၉၄ ဖြစ်သောကြောင့် ၀.၄၅% မြင့်တက်လာသည်ကို တွေ့ရှိရပါသည်။

## အပိုင်း(ခ)

## ၂၀၁၇ ခုနှစ် ဇွန်လ နှင့် ၂၀၁၈ ခုနှစ် ဇွန်လ စားသုံးသူဈေးဆန္နန်း နှိုင်းယှဉ်ချက်

**၁။ စုစုပေါင်းစားသုံးသူဈေးဆန္နန်း (အခြေခံနှစ် ၊ ၂၀၁၂ ခုနှစ် = ၁၀၀)**

၂၀၁၈ ခုနှစ် ဇွန်လ အတွက် စားသုံးသူဈေးဆန္နန်းမှာ ၁၄၁.၁၃ ဖြစ်ရာ လွန်ခဲ့သော ၂၀၁၇ ခုနှစ် ဇွန်လ အခြေအနေ ၁၃၂.၅၈ နှင့် နှိုင်းယှဉ်ပါက ၆.၄၅ % မြင့်တက်လာပါသည်။ အုပ်စုအားလုံးတွင် ပါဝင်သောကုန်ပစ္စည်းဈေးနှုန်းများမှာ ယခင်နှစ် အလားတူကာလနှင့် နှိုင်းယှဉ်ပါက သိသိသာသာ မြင့်တက်လာခဲ့၍ ဖြစ်ပါသည်။

ငွေကြေးဖောင်းပွမှုနှုန်းမှာ ၂၀၁၈ ခုနှစ် ဇွန်လအထိ တစ်နှစ်အတွင်း ပျမ်းမျှ **၄.၅၈%** ဖြစ်ပေါ်ခဲ့ရာ ၂၀၁၇ ခုနှစ် ဇွန်လ အခြေအနေ **၅.၄၃%** နှင့် နှိုင်းယှဉ်ပါက **၀.၈၅%** လျော့နည်းနေသည်ကို တွေ့ရှိရပါသည်။

**၂။ အုပ်စုအလိုက်အသေးစိတ်စိစစ်ခြင်း**

**(က) အစားအစာအုပ်စု**

ဤအုပ်စုဈေးဆန္နန်းသည် ယခင်နှစ်အလားတူကာလကထက် ၅.၇၈% မြင့်တက်နေပါသည်။ ဆန်(ဧည့်မထ)ဈေးနှုန်းမှာ ယခင်နှစ် အလားတူကာလကထက် ၆.၅၉% မြင့်တက်လာပါသည်။ အလားတူ မြေပဲဆီ ၆.၁၈%၊ နှမ်းဆီ ၃.၉၇%၊ ဝက်သား ၆.၅၂%၊ အမဲသား ၂.၀၅%၊ ငါးခူ ၆.၄၆ %၊ ငါးရံ့ ၅.၅၀%၊ ငါးမြစ်ချင်း ၀.၆၅%၊ ပုစွန်ခြောက် ၉.၃၇%၊ ငါးရံ့ခြောက် ၇.၅၇% နှင့် ရေကျိုငါးပိ ၃.၇၆% ဖြင့် ဈေးနှုန်းများ အသီးသီး မြင့်တက်လာကြောင်း တွေ့ရှိရပါသည်။ အလားတူ ခရမ်းချဉ်သီးဈေးနှုန်းမှာလည်း ယခင်နှစ်ကထက် ၂၀.၄၈% ဖြင့် သိသိသာသာ မြင့်တက်လျက်ရှိပါသည်။ သို့သော် စားအုန်းဆီ ၄.၃၉% နှင့် ကြက်သား ၄.၂၄% ဖြင့် ဈေးနှုန်းများ အသီးသီးကျဆင်း လာခဲ့ကြောင်း တွေ့ရှိရပါသည်။ မီးဖိုချောင်သုံးပစ္စည်းများတွင် ကြက်သွန်ဖြူ ၅၁.၀၃% ၊ ကုလားပဲခြမ်း ၂၃.၃၇% ၊ အာလူး ၉.၅၃% ၊ ကြက်သွန်နီ ၂၅.၇၂% ဖြင့် သိသိသာသာ ကျဆင်းလာကြောင်း တွေ့ရှိရပါသည်။

**(ခ) ဆေးလိပ်နှင့်အဖျော်ယမကာအုပ်စု**

**ယင်းအုပ်စုဈေးဆနှုန်း**မှာ ၂၀၁၈ ခုနှစ် ဇွန်လ ၌ ၁၃၈.၆၆ ရှိပြီး၊ ယခင်နှစ်၏ ဈေးဆနှုန်းမှာ ၁၂၇.၃၁ ဖြစ်သောကြောင့် ၈.၉၁% ဖြင့် မြင့်တက် နေကြောင်း တွေ့ရပါသည်။ ဤအုပ်စုတွင် ပါဝင်သော အရက်နှင့်ဘီယာ (ပြည်တွင်း/ပြည်ပ)၊ ဆေးပေါ့လိပ်၊ စီးကရက်(ပြည်တွင်း/ပြည်ပ)၊ ကွမ်းသီးနှင့် ကွမ်းရွက်ဈေးနှုန်းများမှာ ယခင်နှစ်ကထက် သိသိသာသာ မြင့်တက်လာခဲ့၍ ဖြစ်ပါသည်။

**(ဂ) အဝတ်အထည်အုပ်စု**

**ယင်းအုပ်စုဈေးဆနှုန်း**မှာ ၂၀၁၈ ခုနှစ် ဇွန်လ၌ ၁၂၀.၁၄ ရှိပြီး၊ ယခင်နှစ်၏ ဈေးဆနှုန်းမှာ ၁၁၆.၉၀ ဖြစ်သောကြောင့် ၂.၇၇% မြင့်တက်လာကြောင်း တွေ့ရှိရပါသည်။ ဤအုပ်စုတွင် ပါဝင်သော အမျိုးသမီး/အမျိုးသား ဝတ်လုံချည်၊ ဂျာကင်၊ တီရှပ်၊ စပို့ရှပ်၊ ဆွယ်တာ၊ သားရေဖိနပ်၊ မိုးကာနှင့် အမျိုးသမီးစက်ချုပ်ခ ဈေးနှုန်းများမှာ ယခင်နှစ်ကထက် မြင့်တက်ခဲ့ပါသည်။

**(ဃ) အိမ်လခနှင့်အိမ်ပြင်ခအုပ်စု**

**ယင်းအုပ်စုဈေးဆနှုန်း**မှာ ၂၀၁၈ ခုနှစ် ဇွန်လ၌ ၁၄၆.၉၆ ရှိပြီး၊ ယခင်နှစ်၏ ဈေးဆနှုန်းမှာ ၁၃၆.၀၅ ဖြစ်သောကြောင့် ၈.၀၂% မြင့်တက်လာပါသည်။ ဤအုပ်စုတွင် ပါဝင်သော အိမ်ငှားခ၊ အိမ်ဆောက်ပစ္စည်းများ၊ ထင်း၊ မီးသွေး ဈေးနှုန်းများ၊ အိမ်ပြင်ခ၊ ဂက်(စ်) ဓါတ်ငွေ့၊ ရေခွန်နှင့် ရေဖိုးဈေးနှုန်းများမှာ ယခင်နှစ်ကထက် မြင့်တက်လာသည်ကို တွေ့ရှိရပါသည်။

**(င) အိမ်အသုံးအဆောင်ပစ္စည်းနှင့်ပြုပြင်ထိန်းသိမ်းစရိတ်အုပ်စု**

**ယင်းအုပ်စုဈေးဆနှုန်းမှာ** ၂၀၁၈ ခုနှစ် ဇွန်လ၌ ၁၁၈.၀၈ ရှိပြီး၊ ယခင်နှစ်၏ ဈေးဆနှုန်းမှာ ၁၁၄.၁၂ ဖြစ်သောကြောင့် ၃.၄၇% မြင့်တက်ခဲ့ပါသည်။ ဤအုပ်စုတွင် ပါဝင်သော အိမ်အသုံးအဆောင်ပစ္စည်းများနှင့် အိမ်ပြုပြင်ထိန်းသိမ်းစရိတ် တို့မှာ ယခင်နှစ်ကထက်သိသိသာသာ မြင့်တက်နေသည်ကို တွေ့ရှိရပါသည်။

**(စ) ကျန်းမာရေးအုပ်စု**

**ယင်းအုပ်စုဈေးဆနှုန်းမှာ** ၂၀၁၈ ခုနှစ် ဇွန်လ၌ ၁၃၉.၈၀ ရှိပြီး၊ ယခင်နှစ်၏ ဈေးဆနှုန်းမှာ ၁၃၂.၇၁ ဖြစ်သောကြောင့် ၅.၃၄% မြင့်တက်လျက်ရှိပါသည်။ ရိုးရိုးဆေးကုသခ၊ အထူးဆေးကုသခ၊ အထွေထွေဆေးကုသခ၊ ဆေးရုံ၌ ဆေးကုသခ၊ အားဆေး၊ အကိုက်အခဲပျောက်ဆေးနှင့် တိုင်းရင်းဆေးဈေးနှုန်းများ ယခင်နှစ်ကထက် မြင့်တက်နေကြောင်း တွေ့ရှိရပါသည်။

**(ဆ) သယ်ယူပို့ဆောင်ရေးအုပ်စု**

**ယင်းအုပ်စုဈေးဆနှုန်းမှာ** ၂၀၁၈ ခုနှစ် ဇွန်လ၌ ၁၀၈.၆၃ ရှိပြီး၊ ယခင်နှစ်၏ ဈေးဆနှုန်းမှာ ၉၇.၄၃ ဖြစ်သောကြောင့် ၁၁.၄၉% ဖြင့် ဆက်လက် မြင့်တက်လာ ပါသည်။ ယင်းအုပ်စုဈေးဆနှုန်းတွင် ပါဝင်သော ဒီဇယ်ဆီဈေးနှုန်းမှာ တစ်ဂါလံလျှင် ၃၂၄၁.၄၀ ကျပ်ရှိရာမှ ယခုနှစ်တွင် ၄၂၄၄.၀၅ ကျပ်သို့ မြင့်တက်လာပါသည်။ အလားတူ ဓာတ်ဆီဈေးနှုန်းမှာလည်း တစ်ဂါလံလျှင် ၃၄၁၁.၁၃ ကျပ်ရှိရာ မှ ၄၁၉၆.၆၁ ကျပ်သို့ သိသိသာသာ မြင့်တက်လာခဲ့၍ ဖြစ်ပါသည်။ ထို့ပြင် မော်တော်ကား၊ မော်တော်ဆိုင်ကယ်၊ စက်ဘီး၊ ဘတ်(စ်)ကားခ(ခရီးဝေး) (ပြည်တွင်း) ၊ အငှားယာဉ်ခ၊ ဆိုက်ကားခနှင့် မော်တော်ယာဉ်ပြုပြင် ထိန်းသိမ်းစရိတ်ဈေးနှုန်းများမှာ ယခင်နှစ်ကထက် မြင့်တက်လာခဲ့၍ ဖြစ်ပါသည်။

**(ဇ) ဆက်သွယ်ရေးအုပ်စု**

**ယင်းအုပ်စုဈေးဆနှုန်းမှာ** ၂၀၁၈ ခုနှစ် ဇွန်လ ၌ ၁၀၂.၄၃ ရှိပြီး၊ ယခင်နှစ်၏ ဈေးဆနှုန်းမှာ ၉၃.၉၀ ဖြစ်သောကြောင့် ၉.၀၈% ဖြင့် သိသိသာသာ မြင့်တက်လာခဲ့ပါသည်။ ဤအုပ်စုတွင် ပါဝင်သော မိုဘိုင်းဖုန်းခေါ်ဆိုခ ဈေးနှုန်းများမှာ ယခင်နှစ်ကထက် သိသာစွာ မြင့်တက်လာကြောင်း တွေ့ရှိရပါသည်။

**(ဈ) အပန်းဖြေခြင်းနှင့်ယဉ်ကျေးမှုအုပ်စု**

**ယင်းအုပ်စုဈေးဆနှုန်းမှာ** ၂၀၁၈ ခုနှစ် ဇွန်လ ၌ ၁၀၇.၄၇ ရှိပြီး၊ ယခင်နှစ်၏ ဈေးဆနှုန်းမှာ ၁၀၅.၄၀ ဖြစ်သောကြောင့် ၁.၉၆% မြင့်တက်ခဲ့ပါသည်။ ဤအုပ်စု

တွင်ပါဝင်သော ကွန်ပျူတာ၊ စီဒီတိပ်ခွေ၊ သတင်းစာ၊ ဂျာနယ် နှင့် ဗလာစာအုပ်ဈေးနှုန်းများမှာ ယခင်နှစ်ကထက် မြင့်တက်လာသည့်အတွက် ဖြစ်ပါသည်။

(ည) **ပညာရေးအုပ်စု**

**ယင်းအုပ်စုဈေးဆနှုန်းမှာ** ၂၀၁၈ ခုနှစ် ဇွန်လ ၌ ၁၃၀.၆၈ ရှိပြီး၊ ယခင်နှစ်၏ ဈေးဆနှုန်းမှာ ၁၂၂.၄၃ ဖြစ်သောကြောင့် ၆.၇၄% မြင့်တက်လာခဲ့ပါသည်။ ဤအုပ်စုတွင် ပါဝင်သော ကျူရှင်လခနှင့် သင်တန်းကြေးဈေးနှုန်းများမှာ ယခင်နှစ်ကထက် သိသိသာသာမြင့်တက်လျက်ရှိပါသည်။

(ဋ) **ပြင်ပအစားအသောက်အုပ်စု**

**ယင်းအုပ်စုဈေးဆနှုန်းမှာ** ၂၀၁၈ ခုနှစ် ဇွန်လ ၌ ၁၂၁.၉၄ ရှိပြီး၊ ယခင်နှစ်၏ ဈေးဆနှုန်းမှာ ၁၁၁.၃၂ ဖြစ်သောကြောင့် ၉.၅၄%ဖြင့် သိသိသာသာ မြင့်တက်လာခဲ့ပါသည်။ ဤအုပ်စုအတွင်း ပါဝင်သော အကြော်စုံ၊ မုန့်ဟင်းခါး၊ အုန်းနို့ခေါက်ဆွဲ၊ အသုပ်၊ ခေါက်ဆွဲကြော်၊ ကြေးအိုး၊ ထမင်းနှင့်ဟင်း၊ လက်ဖက်ရည်၊ ကော်ဖီ၊ ရေခဲမုန့်နှင့် ကွမ်းယာဈေးနှုန်းမှာ ယခင်နှစ်ကထက် မြင့်တက်နေကြောင်းတွေ့ရပါသည်။

(ဌ) **အထွေထွေကုန်ပစ္စည်းအုပ်စု**

**ယင်းအုပ်စုဈေးဆနှုန်းမှာ** ၂၀၁၈ ခုနှစ် ဇွန်လ၌ ၁၂၆.၉၂ ရှိပြီး၊ ယခင်နှစ်၏ ဈေးဆနှုန်းမှာ ၁၂၂.၁၄ ဖြစ်သောကြောင့် ၃.၉၂% မြင့်တက်လာခဲ့ပါသည်။ ဤအုပ်စုတွင်ပါဝင်သော ကုန်ပစ္စည်းအများစုမှာ ယခင်နှစ်ကထက် ဈေးနှုန်းများ မြင့်တက်လာခဲ့သည့်အပြင် ရွှေထည်ပစ္စည်းဈေးနှုန်းမှာလည်း ၃.၂၆%၊ ဘတ်စ်ကားခ ၁၅.၃၀%၊ ဒီဇယ်ဆီ ၃၀.၉၃ % နှင့် ဓာတ်ဆီ ၂၃.၀၃ % ဖြင့် သိသာစွာမြင့် တက်ခဲ့၍ဖြစ်ပါသည်။

(ဍ) **အစားအစာမဟုတ်သောအုပ်စု**

**ယင်းအုပ်စုဈေးဆနှုန်းမှာ** ၂၀၁၈ ခုနှစ် ဇွန်လ၌ ၁၂၄.၅၀ ရှိပြီး၊ ယခင်နှစ်၏ ဈေးဆနှုန်းမှာ ၁၁၅.၆၅ ဖြစ်သောကြောင့် ၇.၆၅ % မြင့်တက်လာခဲ့ပါသည်။ အစား

အစာမဟုတ်သောအုပ်စုတွင် ပါဝင်သော အုပ်စုအားလုံး၏ ဈေးနှုန်းများမှာ ယခင်နှစ်ကထက် မြင့်တက်လာသောကြောင့်ဖြစ်ပါသည်။

## ၃။ ဈေးနှုန်းပြောင်းလဲမှုများကိုခြုံငုံသုံးသပ်တင်ပြခြင်း

၂၀၁၈ ခုနှစ် ဇွန်လတွင် ဖြစ်ပေါ်ခဲ့သော ကုန်ပစ္စည်းဈေးနှုန်း ပြောင်းလဲမှု အခြေအနေများကို အောက်ပါအတိုင်း သုံးသပ်တင်ပြအပ်ပါသည်။

(က) ယခုလတွင် ဖြစ်ပေါ်ခဲ့သော ဆန်ဈေးနှုန်းများမှာ ယခင်နှစ်နှင့် နှိုင်းယှဉ်လျှင် သိသိသာသာ မြင့်တက်လျက်ရှိသကဲ့သို့ ယခင်လနှင့် နှိုင်းယှဉ်ပါက ဆန်ဈေးနှုန်းများ ပြန်လည်မြင့်တက်လာသည်ကို တွေ့ရှိရပါသည်။ မိုးရွာသွန်းမှုများခြင်းကြောင့် စပါးစိုက်ခင်းများပျက်စီးခြင်း၊ ပြည်ပသို့ ဆန်တင်ပို့မှုများရှိခြင်း၊ စပါးဈေးမြင့်နေခြင်း၊ သိုလှောင်ရုံတွင် စပါးလက်ကျန်နည်းနေခြင်းတို့ကြောင့် ဆန်ဈေးနှုန်းတို့မှာ မြင့်တက်နေရခြင်းဖြစ်ပါသည်။

(ခ) စားသုံးဆီအုပ်စုတွင်ပါဝင်သော မြေပဲဆီ နှင့်ဟင်းရွက်ဆီဈေးနှုန်းများမှာ ကုန်ကြမ်းဈေးနှုန်းများ မြင့်တက်လာခြင်းကြောင့် ဈေးနှုန်းများ မြင့်တက်လျက်ရှိသော်လည်း၊ စားအုန်းဆီဈေးနှုန်းများမှာ ယခင်လကထက် ဆက်လက် ကျဆင်းနေသည်ကို တွေ့ရှိရပါသည်။ ယခင်လတွင် ပြည်ပ စားအုန်းဆီဈေးနှုန်းမှာ မက်ထရစ်တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၆၁၁.၈၅ ရှိခဲ့ရာမှ ယခုလတွင် အမေရိကန်ဒေါ်လာ ၅၈၃.၆၆ ဖြစ်သဖြင့် ယခင်လကထက် ၄.၆၁% ကျဆင်းလာသောကြောင့် ပြည်တွင်းစားအုန်းဆီဈေးနှုန်းများ ကျဆင်းလာပါသည်။

(ဂ) အသား၊ ငါးနှင့်ဥအုပ်စုတွင်ပါဝင်သော ကြက်သား၊ ငါးမြစ်ချင်းနှင့် ဘဲဥဈေးနှုန်းများ ကျဆင်းလာပါသည်။ သို့သော် ငါးမဖမ်းရ ရာသီဖြစ်၍ ငါးရှားပါးခြင်းကြောင့် ငါးဈေးနှုန်းများမြင့်တက်လာပါသည်။ ငါးကုန်ကြမ်း ရှားပါးခြင်းကြောင့် ငါးခြောက်ဈေးနှုန်းများ မြင့်တက်လာကြောင်းတွေ့ရှိရပါသည်။ အသားဈေးနှုန်းများတွင် အချို့ဒေသ၌ သားသတ်လိုင်စင် ဈေးနှုန်း မြင့်တက်ခြင်းကြောင့်လည်းကောင်း၊ ဆိတ်မွေးမြူသူနည်းပါး၍ ကုန်ပစ္စည်း ရှားပါးခြင်း၊ ပြည်ပ

မှ ဆိတ်၊ဝက်နှင့် နွားဝယ်ယူမှုများရှိခြင်းကြောင့် ပြည်တွင်း၌ အသားများ ရှားပါးလာ၍ ဈေးနှုန်းများ မြင့်တက်လာပါသည်။ ယခုလအတွင်း မိုးများစွာ ရွာသွန်းသဖြင့် သွားလာရေးခက်ခဲကာ ကုန်စည်စီးဆင်းမှုနှေးကွေးသောကြောင့် ကုန်ပစ္စည်းဈေးနှုန်းများ မြင့်တက်လျက်ရှိပါသည်။

(ဃ) ဟင်းသီးဟင်းရွက်ဈေးနှုန်းများကို လေ့လာကြည့်ပါက ဒေသအတွင်း ခရမ်းချဉ်သီးဈေးနှုန်းမှာ ယခင်လတွင် သိသိသာသာ ကျဆင်းခဲ့သော်လည်း၊ ယခုလတွင်မူ ပြန်လည်မြင့်တက်လာပါသည်။ ယခုလအတွင်းမိုးများသောကြောင့် စိုက်ပျိုးပင်များပျက်စီးခြင်း၊ အသီးအပုပ်များခြင်းနှင့် အလေအလွင့်များခြင်းတို့ကြောင့် ဈေးနှုန်းမြင့်တက်လာခြင်းဖြစ်ပါသည်။ စားဖိုဆောင်သီးနှံဖြစ်သော ကုလားပဲခြမ်း၊ စားတော်ပဲ၊ ပဲနီလေး၊ အာလူးနှင့် ကြက်သွန်ဖြူဈေးနှုန်းများ ဆက်လက်ကျဆင်းလျက်ရှိပါသည်။ ပြည်ပမှ ပဲဝယ်ယူမှုနည်းပါးသွားသောကြောင့် ဈေးကွက်အတွင်း အရောင်းအဝယ်အေးကာ ပဲဈေးနှုန်းများ ကျဆင်းလာပါသည်။ ထို့အပြင် ကြက်သွန်နီ(အသစ်)များ ဝင်ရောက်မှု များပြားလာသောကြောင့် ကြက်သွန်နီဈေးနှုန်းမှာ ဆက်လက်ကျဆင်းလျက်ရှိပါသည်။ တရုတ်ပြည်မှ ကြူကုတ် ကြက်သွန်ဖြူများ ဈေးကွက်အတွင်း ဝင်ရောက်လာပြီး ရောင်းလိုအားများလာသောကြောင့် ကြက်သွန်ဖြူဈေးနှုန်းများလည်း ကျဆင်းလာပါသည်။ ယခုကာလ၌ ကွမ်းရွက်ထွက်ပေါ်ချိန်ဖြစ်သဖြင့် ဈေးကွက်အတွင်း ဝင်ရောက်မှုများပြားလာသောကြောင့် ကွမ်းရွက်ဈေးနှုန်းများ သိသိသာသာ ကျဆင်းလာ သကဲ့သို့ ကွမ်းသီး(ခြမ်း/ လုံး) ဈေးနှုန်းများလည်း ကျဆင်းလာပါသည်။

(င) ယခုလတွင် ဖြစ်ပေါ်ခဲ့သော ရွှေဈေးနှုန်းမှာ ၁၅ပဲရည် တစ်ကျပ်သားလျှင် ၈၈၂၇၈၄ ကျပ် ဖြစ်သဖြင့် လွန်ခဲ့သောလကထက် ၀.၁၁% ပြန်လည်မြင့် တက်ခဲ့ပါသည်။ လွန်ခဲ့သောနှစ်နှင့် နှိုင်းယှဉ်ပါကလည်း ၃.၂၆% မြင့်တက်လျက်ရှိပါသည်။ ကမ္ဘာ့ရွှေဈေးနှုန်းမှာ တစ်ထရိုင်အောင်စလျှင် ယခင်လတွင် အမေရိကန်ဒေါ်လာ ၁၃၀၂.၆၆ ရှိရာ မှ ၁၂၈၁.၄၅ သို့ ပြန်လည် ကျဆင်း လာခဲ့ပါသည်။ ကမ္ဘာ့ရွှေဈေးနှုန်း ကျဆင်းလာခဲ့သော်လည်း၊ အမေရိကန်ဒေါ်လာနှင့် မြန်မာကျပ်

ငွေလဲလှယ်နှုန်းမှာ ယခင်လတွင် တစ်ဒေါ်လာလျှင်(ပျမ်းမျှ) ၁၃၄၁ ကျပ်ရှိရာမှ ယခုလတွင် ၁၃၆၈ကျပ်သို့ မြင့်တက်နေခြင်းနှင့် မိုးတွင်းကာလ ဖြစ်သဖြင့် ရွှေလုပ်ကွက်များရပ်နားထားခြင်းစသည့်အကြောင်းရင်းများကြောင့် မြန်မာရွှေဈေးနှုန်း အနည်းငယ်မြင့်တက်လျက်ရှိသည်ကို တွေ့ရှိရပါသည်။

(စ) ၂၀၁၈ ခုနှစ် ဇွန်လအတွင်း ဖြစ်ပေါ်ခဲ့သော လောင်စာဆီဈေးနှုန်းများမှာ ပြည်ပမှ တင်သွင်းရာ၌ ဒီဇယ်ဆီတစ်စည်လျှင် အမေရိကန်ဒေါ်လာ ၈၉.၂၉ မှ ၈၆.၈၆ သို့ လည်းကောင်း၊ ဓာတ်ဆီတစ်စည်လျှင် အမေရိကန် ဒေါ်လာ ၈၅.၀၅ မှ ၈၁.၅၀ သို့ လည်းကောင်းပြန်လည်ကျဆင်းလာပါသည်။ ပြည်ပမှ တင်သွင်းသော လောင်စာဆီဈေးနှုန်းများ ပြန်လည်ကျဆင်းလာခဲ့သော်လည်း နိုင်ငံခြားငွေလဲလှယ်နှုန်းမှာ မြင့်တက်လျက်ရှိသောကြောင့် ပြည်တွင်းလောင်စာဆီဈေးနှုန်းများလည်း ဆက်လက် မြင့်တက်လျက်ရှိကြောင်း တွေ့ရှိရပါသည်။

ပြည်နယ်နှင့်တိုင်းဒေသကြီးများတွင် သဘာဝဘေးအန္တရာယ် ဖြစ်ပွားခဲ့ပြီး နောက်ပိုင်းတွင် စိုက်ပျိုးမြေပျက်စီးခြင်း၊ စိုက်ပျိုးသီးနှံအထွက်နှုန်းလျော့ကျခြင်း၊ ရေကြီးရေလျှံမှုကြောင့် တံတားများ၊ လမ်းများပျက်စီးခြင်းနှင့် လမ်းပန်းဆက်သွယ်ရေး ပြတ်တောက်ခြင်းများကြောင့် ကုန်စည်စီးဆင်းမှု အခက်အခဲဖြစ်ကာ ကုန်ကြမ်းဈေးနှုန်းများ မြင့်တက်လာခြင်း၊ ပို့ဆောင်ဆက်သွယ်ရေး ခက်ခဲသည့်အတွက် သယ်ယူပို့ဆောင်စရိတ် မြင့်တက်ခြင်း၊ ပြည်တွင်းလောင်စာဆီဈေးနှုန်းများ မြင့်တက်လာသောကြောင့် သယ်ယူပို့ဆောင်စရိတ်မြင့်တက်ခြင်းစသည့် အကြောင်းရင်းများကြောင့် ဈေးနှုန်းအပြောင်းအလဲများစွာ ဖြစ်ပေါ်လျက်ရှိပါသည်။

ထို့အပြင် အမေရိကန်ဒေါ်လာနှင့် မြန်မာကျပ်ငွေလဲလှယ်နှုန်းမှာလည်း ယခင်နှစ် အလားတူကာလနှင့်နှိုင်းယှဉ်လျှင် မြင့်တက်လာသကဲ့သို့ ယခင်လနှင့် နှိုင်းယှဉ်ပါကလည်း သိသိသာသာ မြင့်တက်လာသည်ကိုတွေ့ရှိရပါသည်။ ဒေါ်လာဈေးနှုန်းမြင့်တက်လာခြင်းသည် သွင်းကုန်အပေါ် အကျိုးသက်ရောက်မှုများပြီး၊ စားသုံးကုန်စည်ဈေးနှုန်းများ မြင့်တက်လာမှုကြောင့် စားသုံးသူအပေါ်ထိခိုက်မှုဖြစ်စေပါကြောင်းတင်ပြအပ်ပါသည်။

## အပိုင်း(ဂ)

## စားသုံးသူဈေးဆနှုန်းနှင့်ငွေကြေးဖောင်းပွမှုနှုန်းအခြေအနေတင်ပြခြင်း

### ၁။ ၂၀၁၂ ခုနှစ် အခြေခံနှစ်ဖြင့် စားသုံးသူဈေးဆနှုန်းအခြေအနေတင်ပြခြင်း

(က) ၂၀၁၂ ခုနှစ် အခြေခံနှစ်ဖြင့် ၂၀၁၇ ခုနှစ် ဇွန်လမှ ၂၀၁၈ ခုနှစ် ဇွန်လအတွင်း ဖြစ်ပေါ်ခဲ့သောတစ်နိုင်ငံလုံး၏ စားသုံးသူဈေးဆနှုန်းကို လေ့လာပါက ၂၀၁၇ခုနှစ် မေလတွင် ၁၃၂.၄၂ စ၍ တဖြည်းဖြည်းမြင့်တက်ခဲ့ရာ ၂၀၁၈ ခုနှစ် ဖေဖော်ဝါရီလတွင် ၁၃၉.၅၁ ဖြစ်ပေါ်ခဲ့ပါသည်။ သို့သော် ၂၀၁၈ခုနှစ် မတ်လတွင် ၁၃၉.၁၁ ဖြစ်ပေါ်ခဲ့သဖြင့် ရာခိုင်နှုန်းအနည်းငယ် ပြန်လည်ကျဆင်းခဲ့ပါသည်။ တဖန် ၂၀၁၈ ခုနှစ် ဧပြီလသည် နှစ်သစ်ကူးပွဲတော်ဖြစ်သဖြင့် စားသုံးကုန်စည်ဈေးနှုန်းများ မြင့်တက်လာပြီး စားသုံးသူဈေးဆနှုန်းမှာ ၁၃၉.၈၂ သို့ပြန်လည် မြင့်တက်လာပါသည်။ ထိုမှတဖန် ဆက်လက်မြင့်တက်လာပြီး ၂၀၁၈ခုနှစ်ဇွန်လ၌ ၁၄၁.၁၃ ဖြစ်ပေါ်ခဲ့ပါသည်။


(ခ) ၂၀၁၈ ခုနှစ် ဇွန်လတွင် ပြည်နယ်နှင့် တိုင်းဒေသကြီးများ၌ ဖြစ်ပေါ်ခဲ့သော စားသုံးသူဈေးဆနှုန်းများကိုကြည့်လျှင် ကယားပြည်နယ်၊ မန္တလေးတိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ်တို့တွင်အနည်းငယ်ကျဆင်းလာပြီး ကျန်တိုင်းဒေသကြီး/ ပြည်နယ်များနှင့် အဓိကကျသောမြို့ကြီး(၃)မြို့ တို့တွင် မြင့်တက်လျက်ရှိသည်ကို တွေ့ရှိရ ပါသည်။

### ၂။ ၂၀၁၂ ခုနှစ် အခြေခံနှစ်ဖြင့် ငွေကြေးဖောင်းပွမှုအခြေအနေတင်ပြခြင်း

(က) ၂၀၁၂ ခုနှစ် အခြေခံနှစ်ဖြင့် (၂၀၁၇ ခုနှစ် ဇွန်လမှ ၂၀၁၈ ခုနှစ် ဇွန်လအထိ) ကာလ အတွင်းဖြစ်ပေါ်ခဲ့သော တစ်နိုင်ငံလုံး၏ နှစ်အလိုက်ငွေကြေးဖောင်းပွမှုနှုန်းကို လေ့လာပါက ၂၀၁၇ ခုနှစ် ဧပြီလတွင် ၄.၇၄% ရှိရာမှ မေလမှစ၍ ပြန်လည် ကျဆင်းလာရာ ဇူလိုင်လတွင် ၂.၃၀% ဖြစ်ပေါ်ခဲ့ပါသည်။ ထိုမှတဖန် ဩဂုတ်လ မှစ၍ ပြန်လည်မြင့်တက်ခဲ့ရာ ၂၀၁၈ ခုနှစ် ဇန်နဝါရီလတွင် ၅.၂၃% ဖြစ်ပေါ်ခဲ့ ပါသည်။ ထို့နောက် ၂၀၁၈ ခုနှစ် ဖေဖော်ဝါရီလတွင် ရာခိုင်နှုန်း အနည်းငယ်

ပြန်လည်ကျဆင်းခဲ့ပါသည်။ သို့သော် မတ်လတွင် ပြန်လည် မြင့်တက်လာခဲ့ရာ ဇွန်လတွင် ၆.၄၅% ဖြစ်ပေါ်ခဲ့ကြောင်းတွေ့ရပါသည်။

(ခ) **တစ်နိုင်ငံလုံး**အတွက် ၂၀၁၂ ခုနှစ် အခြေခံနှစ်ဖြင့် စားသုံးသူဈေးဆန္နန်းအပေါ် အခြေခံတွက်ချက်ထားသော ငွေကြေးဖောင်းပွမှုနှုန်းမှာ ၂၀၁၈ ခုနှစ် ဇွန်လအထိ တစ်နှစ်ပျမ်းမျှ ၄.၅၈ % ရှိ၍ မေလအထိ တစ်နှစ်ပျမ်းမျှ ၄.၂၉% နှင့် နှိုင်းယှဉ်ပါက ရာခိုင်နှုန်း အနည်းငယ် ဆက်လက်မြင့်တက်လာပါကြောင်းနှင့် ၂၀၁၈ ခုနှစ် ဇွန်လ နှင့် ၂၀၁၇ ခုနှစ် ဇွန်လတို့၏ နှစ်အလိုက်ပြောင်းလဲမှုကို နှိုင်းယှဉ်ပါကလည်း (Year on Year Inflation) မှာ ၆.၄၅% ဖြစ်သည့်အတွက် ယခင်လကထက် ၀.၅၅% ပိုမိုခဲ့ကြောင်း တွေ့ရှိရပါသည်။




(ဂ) တိုင်းဒေသကြီး၊ ပြည်နယ်များနှင့် မြို့ကြီး(၃)မြို့၏ စားသုံးသူဈေးဆန္နန်းနှင့် ပျမ်းမျှငွေကြေးဖောင်းပွမှုနှုန်းကို ဇယား(၂)ဖြင့် တင်ပြထားပါသည်။ ၂၀၁၈ ခုနှစ် ဇွန်လအတွင်း ပျမ်းမျှငွေကြေးဖောင်းပွမှုနှုန်းမှာ မန္တလေးမြို့တွင် ၉.၂၁%ဖြင့်

အမြင့်ဆုံးဖြစ်ပေါ်ပြီး၊ ရခိုင်ပြည်နယ်တွင် ၈.၄၄% ဖြင့် ဒုတိယအမြင့်ဆုံး၊ ဧရာဝတီတိုင်းဒေသကြီးတွင် ၅.၇၀% ဖြင့် တတိယအမြင့်ဆုံးအသီးသီး ဖြစ်ပေါ်လျက်ရှိပါသည်။ နှစ်အလိုက်ငွေကြေးဖောင်းပွမှုနှုန်းမှာ မန္တလေးမြို့တွင် ၁၂.၂၂% ဖြင့် ပြောင်းလဲမှု အများဆုံးဖြစ်ပေါ်ခဲ့ပြီး၊ ကယားပြည်နယ်တွင် ၂.၄၄% ဖြင့် ပြောင်းလဲမှုရာခိုင်နှုန်း အနည်းဆုံးဖြစ်ပေါ်ခဲ့ပါကြောင်း အစီရင်ခံတင်ပြအပ်ပါသည်။

# ဇယား(၁)တစ်နိုင်ငံလုံး၏အုပ်စုအလိုက်စားသုံးသူဈေးဆန်းနှုန်းနှင့် ငွေကြေးဖောင်းပွမှုနှုန်း (၂၀၁၈ ခုနှစ်၊ ဇွန်လ)

အခြေခံနှစ်၊ ၂၀၁၂=၁၀၀

| COICOP Code | အုပ်စုအမည် | အလေးပေး ရာခိုင်နှုန်း | ၂၀၁၇ ခုနှစ် | ၂၀၁၈ ခုနှစ် | | ယခင်လနှင့် နှိုင်းယှဉ်လျှင် ပြောင်းလဲသည့် ရာခိုင်နှုန်း | နှစ်အလိုက် ငွေကြေး ဖောင်းပွမှုနှုန်း | ပျမ်းမျှငွေကြေး ဖောင်းပွမှုနှုန်း (၂၀၁၈ခုနှစ် ဇွန်လ အထိ) |
|---|---|---|---|---|---|---|---|---|
| | | | ဇွန်လ | မေလ | ဇွန်လ | | | |
| (၁) | (၂) | (၃) | (၄) | (၅) | (၆) | (၇) | (၈) | (၉) |
| **(က)** | **စုစုပေါင်းစားသုံးသူဈေးဆန်းနှုန်း** | **၁၀၀.၀၀** | **၁၃၂.၅၈** | **၁၄၀.၂၄** | **၁၄၁.၁၃** | **၀.၆၄** | **၆.၄၅** | **၄.၅၈** |
| **၀၁** | **အစားအစာအုပ်စု** | **၅၈.၅၁** | **၁၄၄.၅၉** | **၁၅၁.၈၂** | **၁၅၂.၉၅** | **၀.၇၅** | **၅.၇၈** | **၃.၈၁** |
| ၀၂ | ဆေးလိပ်နှင့်အဖျော်ယမကာ | ၁.၆၅ | ၁၂၇.၃၁ | ၁၄၂.၈၀ | ၁၃၈.၆၆ | -၂.၈၉ | ၈.၉၁ | ၁၁.၈၀ |
| ၀၃ | အဝတ်အထည် | ၃.၂၃ | ၁၁၆.၉၀ | ၁၁၉.၄၇ | ၁၂၀.၁၄ | ၀.၅၆ | ၂.၇၇ | ၁.၇၁ |
| ၀၄ | အိမ်လခနှင့်အိမ်ပြင်ခ | ၈.၀၇ | ၁၃၆.၀၅ | ၁၄၆.၆၅ | ၁၄၆.၉၆ | ၀.၂၁ | ၈.၀၂ | ၅.၇၀ |
| ၀၅ | အိမ်အသုံးအဆောင်ပစ္စည်းနှင့် ပြုပြင်ထိန်းသိမ်းစရိတ် | ၂.၃၄ | ၁၁၄.၁၂ | ၁၁၇.၈၁ | ၁၁၈.၀၈ | ၀.၂၂ | ၃.၄၇ | ၂.၇၈ |
| ၀၆ | ကျန်းမာရေး | ၂.၁၃ | ၁၃၂.၇၁ | ၁၃၉.၂၅ | ၁၃၉.၈၀ | ၀.၃၉ | ၅.၃၄ | ၄.၅၉ |
| ၀၇ | သယ်ယူပို့ဆောင်ရေး | ၁၀.၁၃ | ၉၇.၄၃ | ၁၀၇.၀၄ | ၁၀၈.၆၃ | ၁.၄၈ | ၁၁.၄၉ | ၉.၅၉ |
| ၀၈ | ဆက်သွယ်ရေး | ၁.၆၂ | ၉၃.၉၀ | ၁၀၂.၅၄ | ၁၀၂.၄၃ | -၀.၁၁ | ၉.၀၈ | ၉.၀၈ |
| ၀၉ | အပန်းဖြေခြင်းနှင့်ယဉ်ကျေးမှု | ၁.၀၂ | ၁၀၅.၄၀ | ၁၀၆.၇၄ | ၁၀၇.၄၇ | ၀.၆၈ | ၁.၉၆ | ၀.၉၄ |
| ၁၀ | ပညာရေး | ၂.၁၅ | ၁၂၂.၄၃ | ၁၂၇.၁၃ | ၁၃၀.၆၈ | ၂.၇၉ | ၆.၇၄ | ၁.၃၉ |
| ၁၁ | ပြင်ပအစားအသောက် | ၅.၉၅ | ၁၁၁.၃၂ | ၁၂၂.၈၁ | ၁၂၁.၉၄ | -၀.၇၀ | ၉.၅၄ | ၆.၉၉ |
| ၁၂ | အထွေထွေကုန်ပစ္စည်း | ၃.၂၁ | ၁၂၂.၁၄ | ၁၂၅.၅၇ | ၁၂၆.၉၂ | ၁.၀၇ | ၃.၉၂ | ၃.၇၀ |
| | **အစားအစာမဟုတ်သောအုပ်စု** | **၄၁.၄၉** | **၁၁၅.၆၅** | **၁၂၃.၉၄** | **၁၂၄.၅၀** | **၀.၄၅** | **၇.၆၅** | **၅.၉၇** |
| **(ခ)** | **အစားအစာနှင့် လောင်စာဆီ မပါဝင်သော စားသုံးသူ ဈေးဆန်းနှုန်း(Core CPI)** | **၃၄.၂၉** | **၁၁၃.၇၇** | **၁၁၉.၄၅** | **၁၂၀.၁၈** | **၀.၆၁** | ***၅.၆၄** | ***၄.၃၇** |

*** အစားအစာနှင့် လောင်စာဆီ မပါဝင်သော ငွေကြေးဖောင်းပွမှုနှုန်း(Core Inflation)**

## ဇယား(၂)တိုင်းဒေသကြီး၊ ပြည်နယ်နှင့် မြို့ကြီး(၃)မြို့၏ စားသုံးသူဈေးဆနှုန်းနှင့် ငွေကြေးဖောင်းပွမှုနှုန်း
## (၂၀၁၈ ခုနှစ်၊ ဇွန်လ)

အခြေခံနှစ်၊ ၂၀၁၂=၁၀၀


| အမှတ်စဉ် | တိုင်းဒေသကြီး/ပြည်နယ် | အလေးပေးရာခိုင်နှုန်း | ၂၀၁၇ ခုနှစ် | ၂၀၁၈ ခုနှစ် | | ယခင်လနှင့် နှိုင်းယှဉ်လျှင် ပြောင်းလဲသည့် ရာခိုင်နှုန်း | နှစ်အလိုက် ငွေကြေး ဖောင်းပွမှုနှုန်း | ပျမ်းမျှငွေကြေး ဖောင်းပွမှုနှုန်း (၂၀၁၈ ခုနှစ် ဇွန်လ အထိ) |
|---|---|---|---|---|---|---|---|---|
| | | | ဇွန်လ | မေလ | ဇွန်လ | | | |
| (၁) | (၂) | | (၃) | (၄) | (၅) | (၆) | (၇) | (၈) |
| ၁ | ကချင်ပြည်နယ် | ၃.၀၁ | ၁၃၆.၅၉ | ၁၄၄.၇၄ | ၁၄၇.၀၁ | ၁.၅၆ | ၇.၆၃ | ၄.၅၉ |
| ၂ | ကယားပြည်နယ် | ၀.၅၂ | ၁၃၉.၉၃ | ၁၄၃.၆၆ | ၁၄၃.၃၄ | -၀.၂၂ | ၂.၄၄ | ၄.၅၃ |
| ၃ | ကရင်ပြည်နယ် | ၃.၁၂ | ၁၂၂.၀၆ | ၁၂၆.၄၉ | ၁၂၈.၁၅ | ၁.၃၁ | ၄.၉၈ | ၄.၁၀ |
| ၄ | ချင်းပြည်နယ် | ၀.၇၄ | ၁၇၇.၆၃ | ၁၈၃.၆၃ | ၁၈၄.၇၀ | ၀.၅၉ | ၃.၉၈ | ၂.၅၂ |
| ၅ | စစ်ကိုင်းတိုင်းဒေသကြီး | ၁၁.၁၀ | ၁၂၉.၈၃ | ၁၃၄.၇၀ | ၁၃၅.၅၈ | ၀.၆၆ | ၄.၄၃ | ၃.၄၀ |
| ၆ | တနင်္သာရီတိုင်းဒေသကြီး | ၂.၈၄ | ၁၁၉.၇၀ | ၁၂၅.၇၈ | ၁၂၇.၆၃ | ၁.၄၇ | ၆.၆၃ | ၄.၈၃ |
| ၇ | ပဲခူးတိုင်းဒေသကြီး | ၈.၈၃ | ၁၃၁.၂၀ | ၁၃၆.၂၈ | ၁၃၆.၆၉ | ၀.၃၀ | ၄.၁၈ | ၃.၈၉ |
| ၈ | မကွေးတိုင်းဒေသကြီး | ၇.၃၃ | ၁၃၀.၉၈ | ၁၄၁.၉၄ | ၁၄၃.၉၀ | ၁.၃၈ | ၉.၈၆ | ၅.၀၈ |
| ၉ | မန္တလေးတိုင်းဒေသကြီး | ၁၁.၀၈ | ၁၂၈.၄၉ | ၁၃၄.၃၅ | ၁၃၃.၆၂ | -၀.၅၅ | ၃.၉၉ | ၃.၇၅ |
| ၁၀ | မွန်ပြည်နယ် | ၅.၁၃ | ၁၂၅.၅၉ | ၁၃၃.၆၈ | ၁၃၆.၉၅ | ၂.၄၅ | ၉.၀၅ | ၄.၉၁ |
| ၁၁ | ရခိုင်ပြည်နယ် | ၄.၅၄ | ၁၆၃.၁၃ | ၁၇၇.၄၀ | ၁၇၆.၅၀ | -၀.၅၁ | ၈.၁၉ | ၈.၄၄ |
| ၁၂ | ရန်ကုန်တိုင်းဒေသကြီး | ၇.၄၇ | ၁၂၇.၈၁ | ၁၃၄.၁၄ | ၁၃၅.၂၆ | ၀.၈၄ | ၅.၈၃ | ၃.၅၃ |
| ၁၃ | ရှမ်းပြည်နယ် | ၉.၁၁ | ၁၄၁.၂၅ | ၁၅၂.၆၈ | ၁၅၃.၉၈ | ၀.၈၅ | ၉.၀၁ | ၅.၅၂ |
| ၁၄ | ဧရာဝတီတိုင်းဒေသကြီး | ၉.၉၀ | ၁၃၂.၅၂ | ၁၄၁.၄၃ | ၁၄၂.၅၀ | ၀.၇၆ | ၇.၅၃ | ၅.၇၀ |
| ၁၅ | ပြည်ထောင်စုနယ်မြေ | ၁.၄၁ | ၁၂၃.၈၇ | ၁၂၇.၂၁ | ၁၂၇.၃၂ | ၀.၀၉ | ၂.၇၉ | ၁.၃၉ |
| ၁၆ | ရန်ကုန်မြို့ | ၁၀.၅၉ | ၁၃၄.၅၆ | ၁၄၁.၇၅ | ၁၄၁.၈၃ | ၀.၀၆ | ၅.၄၁ | ၃.၆၃ |
| ၁၇ | မန္တလေးမြို့ | ၂.၅၈ | ၁၂၂.၀၁ | ၁၃၄.၃၂ | ၁၃၆.၉၃ | ၁.၉၄ | ၁၂.၂၂ | ၉.၂၀ |
| ၁၈ | နေပြည်တော် | ၀.၆၉ | ၁၂၂.၅၂ | ၁၃၀.၄၁ | ၁၃၀.၈၅ | ၀.၃၄ | ၆.၈၀ | ၄.၈၅ |
| | **တစ်နိုင်ငံလုံး** | **၁၀၀.၀၀** | **၁၃၂.၅၈** | **၁၄၀.၂၄** | **၁၄၁.၁၃** | **၀.၆၄** | **၆.၄၅** | **၄.၅၈** |

## ဇယား(၃)အဓိကကျသောကုန်ပစ္စည်းများ၏ လက်လီဈေးနှုန်းပြောင်းလဲမှုများ
## (၂၀၁၈ ခုနှစ် ဇွန်လ)

အခြေခံနှစ်၊ ၂၀၁၂=၁၀၀


| အမှတ်စဉ် | ကုန်ပစ္စည်း | အမျိုးအစား | အချိန်အတွယ် | ၂၀၁၈ ခုနှစ် မေလ (ကျပ်) | ၂၀၁၈ ခုနှစ် ဇွန်လ (ကျပ်) | ၂၀၁၇ ခုနှစ် ဇွန်လ (ကျပ်) | ယခင်လနှင့်နှိုင်းယှဉ် လျှော့ပြောင်းလဲသည့် % | ယခင်နှစ်အလားတူလနှင့်နှိုင်းယှဉ် လျှော့ပြောင်းလဲသည့် % |
|---|---|---|---|---|---|---|---|---|
| ၁ | ဆန် | ဧည့်မထ (၃၅%) | ပြည် | ၁၃၉၂.၈၀ | ၁၃၉၇.၆၀ | ၁၃၁၁.၁၉ | ၀.၃၄ | ၆.၅၉ |
| ၂ | မြေပဲဆီ | ပြည်တွင်း | ပိဿာ | ၅၅၁၉.၄၅ | ၅၆၀၄.၈၉ | ၅၂၇၈.၅၂ | ၁.၅၅ | ၆.၁၈ |
| ၃ | နှမ်းဆီ | ပြည်တွင်း | ။ | ၅၈၄၉.၃၉ | ၅၈၅၀.၆၁ | ၅၆၀၃.၁၁ | ၀.၀၂ | ၄.၄၂ |
| ၄ | စားအုန်းဆီ | နိုင်ငံခြား | ။ | ၂၀၇၅.၉၅ | ၂၀၅၂.၁၁ | ၂၁၄၆.၃၈ | -၁.၁၅ | -၄.၃၉ |
| ၅ | ကြက်သား | အကောင်လိုက် | ပိဿာ | ၇၀၀၄.၁၈ | ၆၉၅၆.၆၅ | ၇၂၆၄.၉၂ | -၀.၆၈ | -၄.၂၄ |
| ၆ | ဝက်သား | ပေါင်သား | ။ | ၉၂၀၈.၅၀ | ၉၂၆၉.၃၉ | ၈၇၀၂.၀၅ | ၀.၆၆ | ၆.၅၂ |
| ၇ | အမဲသား | အရိုးလွတ် | ။ | ၁၀၇၂၈.၇၇ | ၁၀၈၂၇.၈၃ | ၁၀၆၁၀.၃၃ | ၀.၉၂ | ၂.၀၅ |
| ၈ | ဘဲဥ | အလတ်စား | ၁၀လုံး | ၁၆၄၁.၅၉ | ၁၆၁၁.၆၄ | ၁၆၂၂.၁၇ | -၁.၈၂ | -၀.၆၅ |
| ၉ | ကြက်ဥ | ။ | ။ | ၁၂၅၄.၆၀ | ၁၂၅၄.၂၈ | ၁၂၄၂.၁၄ | -၀.၀၃ | ၀.၉၈ |
| ၁၀ | ငါးခူ | အလတ်စားအရွယ် | ပိဿာ | ၈၀၁၆.၁၁ | ၈၃၂၆.၁၁ | ၇၈၂၁.၂၃ | ၃.၈၇ | ၆.၄၆ |
| ၁၁ | ငါးရံ့ | ။ | ။ | ၇၉၈၄.၉၇ | ၈၂၉၂.၂၃ | ၇၈၅၉.၇၉ | ၃.၈၅ | ၅.၅၀ |
| ၁၂ | ငါးမြစ်ချင်း | ။ | ။ | ၄၅၅၈.၄၈ | ၄၄၆၀.၆၁ | ၄၄၃၂.၅၈ | -၂.၁၃ | ၀.၆၅ |
| ၁၃ | ပုစွန်ခြောက် | ။ | ။ | ၂၉၅၆၉.၃၆ | ၃၀၀၅၄.၄၇ | ၂၇၄၈၀.၆၉ | ၁.၆၄ | ၉.၃၇ |
| ၁၄ | ငါးရံ့ခြောက် | ။ | ။ | ၂၈၅၂၁.၆၇ | ၂၈၈၇၀.၄၄ | ၂၆၈၃၈.၆၁ | ၁.၂၂ | ၇.၅၇ |
| ၁၅ | ရေကျိုငါးပိ | သုံးဦးစပ် | ပိဿာ | ၃၃၀၀.၀၀ | ၃၃၀၀.၀၀ | ၃၁၈၀.၃၆ | ၀.၀၀ | ၃.၇၆ |
| ၁၆ | ခရမ်းချဉ်သီး | | ။ | ၉၆၆.၃၉ | ၁၂၈၅.၅၀ | ၁၀၆၆.၉၅ | ၃၃.၀၂ | ၂၀.၄၈ |
| ၁၇ | ကုလားပဲခြမ်း | | ။ | ၂၆၁၈.၃၆ | ၂၄၄၇.၁၈ | ၃၁၉၃.၄၀ | -၆.၅၄ | -၂၃.၃၇ |
| ၁၈ | အာလူး | အလတ်စားအရွယ် | ။ | ၁၀၂၈.၂၃ | ၁၀၃၁.၂၅ | ၁၁၃၉.၉၃ | ၀.၂၉ | -၉.၅၃ |
| ၁၉ | ကြက်သွန်ဖြူ | ဥတစ်လုံး | ။ | ၂၆၉၆.၂၄ | ၂၆၃၄.၂၁ | ၅၃၇၉.၀၉ | -၂.၃၀ | -၅၁.၀၃ |
| ၂၀ | ကြက်သွန်နီ | ဥကြီး | ။ | ၁၁၁၈.၂၀ | ၁၀၄၉.၈၀ | ၁၄၁၃.၃၁ | -၆.၁၂ | -၂၅.၇၂ |
| ၂၁ | လုံချည် | ၂/၆၄-ကျားဝတ် | ထည် | ၄၇၈၅.၈၇ | ၄၇၈၅.၈၇ | ၄၆၂၃.၅၇ | ၀.၀၀ | ၃.၅၁ |
| ၂၂ | သားရေဖိနပ် | အလတ်စား | ရံ | ၅၀၈၆.၄၇ | ၅၁၂၀.၄၆ | ၅၀၃၉.၂၀ | ၀.၆၇ | ၁.၆၁ |
| ၂၃ | ရွှေထည်ပစ္စည်း | ၁၅ပဲရည် | ကျပ်သား | ၈၈၁၇၇၆.၁၁ | ၈၈၂၇၈၃.၆၃ | ၈၅၄၉၁၈.၂၂ | ၀.၁၁ | ၃.၂၆ |
| ၂၄ | ထင်း | | ပိဿာ | ၃၁၉.၃၅ | ၃၁၉.၈၅ | ၂၉၁.၈၄ | ၀.၁၆ | ၉.၆၀ |
| ၂၅ | မီးသွေး | | ။ | ၆၂၄.၅၉ | ၆၂၅.၉၀ | ၅၈၃.၃၉ | ၀.၂၁ | ၇.၂၉ |
| ၂၆ | ဖယောင်းတိုင် | ၃၂-တိုင် | ထုပ် | ၄၁၀.၀၉ | ၄၁၂.၂၈ | ၄၀၁.၉၈ | ၀.၅၃ | ၂.၅၆ |
| ၂၇ | ဘတ်စ်ကားခ | မြို့တွင်း | - | ၁၀၃၃.၁၄ | ၁၀၄၀.၇၀ | ၉၀၂.၆၀ | ၀.၇၃ | ၁၅.၃၀ |
| ၂၈ | ဒီဇယ်ဆီ | | ဂါလံ | ၄၁၈၅.၉၆ | ၄၂၄၄.၀၅ | ၃၂၄၁.၄၀ | ၁.၃၉ | ၃၀.၉၃ |
| ၂၉ | ဓာတ်ဆီ | | ဂါလံ | ၄၁၃၈.၉၂ | ၄၁၉၆.၆၁ | ၃၄၁၁.၁၃ | ၁.၃၉ | ၂၃.၀၃ |

## ဇယား (၄) တစ်နိုင်ငံလုံး၏ စားသုံးသူဈေးဆနှုန်းပုံပြကားချပ်




| အကြောင်းအရာ | ၂၀၁၇ ခုနှစ် | | | | | | | ၂၀၁၈ ခုနှစ် | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | ဇွန် | ဇူလိုင် | ဩဂုတ် | စက်တင်ဘာ | အောက်တိုဘာ | နိုဝင်ဘာ | ဒီဇင်ဘာ | ဇန်နဝါရီ | ဖေဖော်ဝါရီ | မတ် | ဧပြီ | မေ | ဇွန် |
| စားသုံးသူဈေးဆနှုန်း (CPI) | ၁၃၂.၅၈ | ၁၃၂.၈၆ | ၁၃၃.၂၇ | ၁၃၄.၄၃ | ၁၃၅.၇၀ | ၁၃၇.၅၀ | ၁၃၈.၂၉ | ၁၃၉.၃၄ | ၁၃၉.၅၁ | ၁၃၉.၁၁ | ၁၃၉.၈၂ | ၁၄၀.၂၄ | ၁၄၁.၁၃ |
| စားသုံးသူဈေးဆနှုန်း (Core CPI) | ၁၁၃.၇၇ | ၁၁၄.၆၂ | ၁၁၅.၄၅ | ၁၁၅.၈၂ | ၁၁၅.၇၇ | ၁၁၆.၄၃ | ၁၁၆.၇၇ | ၁၁၇.၆၈ | ၁၁၈.၃၆ | ၁၁၈.၈၃ | ၁၁၉.၀၈ | ၁၁၉.၄၅ | ၁၂၀.၁၈ |

# ဇယား(၅)တစ်နိုင်ငံလုံး၏ငွေကြေးဖောင်းပွမှုနှုန်းပုံပြကားချပ်




| အကြောင်းအရာ | ၂၀၁၇ ခုနှစ် | | | | | | | ၂၀၁၈ ခုနှစ် | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | ဇွန် | ဇူလိုင် | ဩဂုတ် | စက်တင်ဘာ | အောက်တိုဘာ | နိုဝင်ဘာ | ဒီဇင်ဘာ | ဇန်နဝါရီ | ဖေဖော်ဝါရီ | မတ် | ဧပြီ | မေ | ဇွန် |
| နှစ်အလိုက်ငွေကြေး ဖောင်းပွမှုနှုန်း (Year on Year Inflation) | ၂.၉၂ | ၂.၃၀ | ၂.၄၀ | ၃.၄၀ | ၄.၀၀ | ၄.၄၇ | ၄.၄၅ | ၅.၂၃ | ၅.၁၁ | ၅.၄၂ | ၅.၈၇ | ၅.၉၀ | ၆.၄၅ |
| နှစ်အလိုက်ငွေကြေး ဖောင်းပွမှုနှုန်း (Core Inflation) | ၂.၈၁ | ၃.၆၈ | ၄.၀၀ | ၃.၉၆ | ၄.၀၁ | ၄.၁၆ | ၃.၄၁ | ၄.၂၇ | ၄.၈၅ | ၄.၆၉ | ၄.၇၈ | ၅.၀၅ | ၅.၆၄ |